# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၀)

၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်

**မာတိကာစဉ်**

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ ပြဋ္ဌာန်းခြင်း။ | ၅-၆ |
| ၃။ | ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် လိုင်စင်ခ၊ ငါးစိုခွန် နှင့် လှေခွန်နှုန်းထားများသတ်မှတ်ခြင်း သတင်းစဉ်။ | ၇ |
| ၄။ | တရားစီရင်ရေးတွင် AI ၏ တီထွင်ဖန်တီးမှုနှင့် တာဝန်ယူမှု ဟန်ချက်ညီညီ ပေါင်းစပ်ခြင်း။ | ၈-၁၀ |
| ၅။ | ဘက်ပြောင်း ရုရှားစစ်သားအား ၂၃ နှစ် ထောင်ဒဏ်ချမှတ်ခြင်း။ | ၁၁-၁၂ |
| ၆။ | ဂျပန်နိုင်ငံ၊နာဂိုရာမြို့တရားရုံးက ၁၉၈၆ခုနှစ်တွင် ကျောင်းသူလေးတစ်ဦးအား သတ်ဖြတ်သည့်အမှုတွင် ထောင်ဒဏ်(၇)နှစ်ချမှတ်ခံခဲ့ရသည့် တရားခံအား တရားသေလွှတ်ခြင်း။ | ၁၃-၁၄ |
| ၇။ | ထိုင်းနိုင်ငံရှိ နိုင်ငံမဲ့အများစုအတွက် နိုင်ငံသားအဖြစ် သတ်မှတ်ခွင့်ပြုသည့် စည်းမျဉ်းအသစ် ထုတ်ပြန်ခြင်း။ | ၁၅-၁၆ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၂၀) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသည့်မြေအဖြစ် ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတွင် အခန်း(၁၃)ခန်း၊ ပုဒ်မ(၄၇)ခုတို့ ပါဝင်ပြီး ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ ရေပြင်နယ်နိမိတ်အတွင်းပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့်တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု အပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော ပြည်တွင်းပြည်ပမှရေယာဉ်နှင့်လေယာဉ်၊ ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၀) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်

စီးပွားရေးလုပ်ငန်းတို့နှင့်သက်ဆိုင်ပြီး ခြွင်းချက်အနေဖြင့် ပြည်တွင်းစစ်ရေယာဉ်၊စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြားလိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်ဖြစ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ(၁၂) ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး၊ အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးစသည့်ကိစ္စရပ်များတွင်လည်း တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ရာတွင်လည်း တပ်မတော်(ရေ)၊ သက်ဆိုင်ရာပြည်တွင်း ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ၏ အခန်း(၁၀)တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထားပြီး အခန်း (၁၁)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပါသည်။ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်လာသည့်ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါထိခိုက်နစ်နာဆုံးရှုံးမှုများမူလအနေအထားသို့ရောက်ရှိရန် ဆောင်ရွက်ပြီးသည့်နေ့အထိ နေ့စဉ်ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်ဖြစ်ကြောင်းလည်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်ကြောင်း၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကိုအရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို ထိခိုက်ခြင်းမရှိစေရကြောင်း၊ ဤဥပဒေအရချမှတ်သည့်ငွေဒဏ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကသတ်မှတ်ထားသည့် ငွေပေးချေမှုနည်းလမ်းများအတိုင်း ပေးဆောင်စေရမည်ဖြစ်ကြောင်း နှင့် ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် တပ်ဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရကြောင်းစသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်ပတ်သက်၍ အသေးစိတ် လေ့လာသိရှိ လိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၀) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်

## စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေပြဋ္ဌာန်းခြင်း

စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၄ / ၂၀၂၅ ဖြင့် ၂၈-၇-၂၀၂၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေအရ"စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ"ဆိုသည်မှာ စစ်ဘက်ဆိုင်ရာမဟာဗျူဟာ၊ နည်းဗျူဟာများ၊ စစ်ဘက်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်သုံးယာဉ်များနှင့် စစ်လက်နက်ဆိုင်ရာသတင်းအချက်အလက်များ၊ စစ်ဘက်ဆိုင်ရာနည်းပညာများ၊ စစ်ဘက်လျှို့ဝှက်ချက်ဟုအခါအားလျော်စွာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်ထားသည့်ကိစ္စရပ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ "ကာကွယ်ရေးဝန်ထမ်း"ဆိုသည်မှာ ၁၉၅၉ခုနှစ် တပ်မတော်အက်ဥပဒေကို လိုက်နာရသူ၊ တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေ အမြဲတမ်းဖြစ်စေလုပ်ကိုင်ဆောင်ရွက်နေသူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့ဖြစ်ကြောင်းနှင့် "ကာကွယ်ရေးဝန်ထမ်းဟောင်း" ဆိုသည်မှာ အထက်ပါတာဝန်များထမ်းဆောင်ခဲ့ပြီး လက်ရှိတာဝန်ထမ်းဆောင်ခြင်းမရှိသော ဝန်ထမ်းဟောင်းကိုဆိုကြောင်း တွေ့ရှိရပါသည်။

ယင်းဥပဒေပြဋ္ဌာန်းရခြင်းမှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် နိုင်ငံတော်၏လုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို လွှဲပြောင်းပေးခြင်းမှကာကွယ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ကာကွယ်ရေးဝန်ထမ်းနှင့်ကာကွယ်ရေးဝန်ထမ်းဟောင်းတို့သည် ဝန်ကြီးဌာန၏ခွင့်ပြုချက်မှအပ အခြားနိုင်ငံ၏အစိုးရတွင်ဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သောအဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ တာဝန်ထမ်းဆောင်ခွင့်နှင့် ယင်းအဖွဲ့များ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိကြောင်းတားမြစ်ထားပြီး ထိုတားမြစ်ချက်ဖောက်ဖျက်သူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။ ထို့ပြင် အခြားပုဂ္ဂိုလ်တစ်ဦးဦးက စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ကိုရယူပြီး အခြားနိုင်ငံ၏အစိုးရ၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်း၊ အခြားအစိုးရ

အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခြင်း၊ ထိုအဖွဲ့အစည်းများ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်တားမြစ်ထားပြီး ဖောက်ဖျက်ပါက ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်ဖြစ်ပါသည်။

ထို့ပြင် ကာကွယ်ရေးဝန်ထမ်း၊ ကာကွယ်ရေးဝန်ထမ်းဟောင်းနှင့် အခြားမည်သည့်ပုဂ္ဂိုလ်မဆို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်တစ်ရပ်ရပ်ကိုအသုံးပြု၍ နိုင်ငံတော်အတွင်း သို့မဟုတ် ပြင်ပရှိ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန်တားမြစ်ထားပြီး ဖောက်ဖျက်သူကို ပြစ်မှုအမျိုးအစားပေါ်မူတည်၍ အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှစ၍ ထောင်ဒဏ်ဆယ်နှစ်၊ ထောင်ဒဏ်တစ်သက်၊ သေဒဏ်စသည့် ပြစ်ဒဏ်များချမှတ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်းဆောင်ရွက်လိုပါက ကာကွယ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်နှင့်စပ်လျဉ်း၍ တားမြစ်ချက် ဖောက်ဖျက်ကျူးလွန်သူများအား ဤဥပဒေဖြင့်သာ အရေးယူရမည်ဖြစ်ကြောင်း နှင့် တရားရုံးတွင်စစ်ဆေးနေစဉ် သက်သေခံချက်နှင့် ဖော်ပြချက်အချို့သည် နိုင်ငံတော်၏လုံခြုံရေးကိုထိခိုက်စေနိုင်ပါက အများပြည်သူမျက်မှောက်မဟုတ်ဘဲ သီးခြားစစ်ဆေးနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ထိရောက်ဟန့်တားပြစ်ဒဏ်များသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် လိုင်စင်ခ၊ ငါးစိုခွန်နှင့် လေ့ခွန်နှုန်းထားများ သတ်မှတ်ခြင်း သတင်းစဉ်

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၂၃ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၅ ဖြင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခ၊ ငါးစိုခွန်နှင့် လေ့ခွန်နှုန်းထားများသတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် ရုပ်ခရုငုပ် စက်မဲ့လှေငယ်တစ်စီးနှင့် လူတစ်ဦးလျှင် ၁၁၂၅၀ကျပ်နှင့် လူတစ်ဦးပိုတိုင်း ၄၅၀၀ ကျပ်၊ ငါးစိုခွန် တစ်တန်မှ တန် ၂၀ ထိ ၁၃၅၀၀ ကျပ် နှင့် နောက်ထပ် တစ်တန်ပိုတိုင်း ၆၇၅ ကျပ်၊ လေ့ခွန် GT တစ်တန်မှနှစ်တန်ထိ ၅၄၀၀ ကျပ်နှင့် နောက်ထပ်တစ်တန် ပိုတိုင်း ၂၇၀၀ ကျပ်ဟုလည်းကောင်း၊ ရုပ်ခရုငုပ် စက်တပ်လှေငယ်တစ်စီးနှင့် လူတစ်ဦးလျှင် ၂၂၅၀၀ ကျပ်နှင့် လူတစ်ဦးပိုတိုင်း ၄၅၀၀ ကျပ်၊ ငါးစိုခွန် တစ်တန်မှတန် ၃၀ထိ ၂၀၂၅၀ ကျပ် နှင့် နောက်ထပ် တစ်တန်ပိုတိုင်း ၆၇၅ ကျပ်၊ လေ့ခွန် GT တစ်တန်မှငါးတန်ထိ ၁၃၅၀၀ ကျပ်ဟုလည်းကောင်း သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

အဆိုပါအမိန့်ကြော်ငြာစာပါအခွန်အခနှုန်းထားများသည် ၁၇-၇-၂၀၂၅ ရက်နေ့မှ စတင်အာဏာ သက်ရောက်စေရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်ကို သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## တရားစီရင်ရေးတွင် AI ၏ တီထွင်ဖန်တီးမှုနှင့်တာဝန်ယူမှု ဟန်ချက်ညီညီ ပေါင်းစပ်ခြင်း

အင်္ဂလန်နှင့်ဝေလပြည်နယ်တို့၏ရှေ့နေများအဖွဲ့အစည်းဖြစ်သော Law Society သည် အစိုးရ၏တရားစီရင်ရေးလုပ်ငန်းအတွက် ဉာဏ်ရည်တု (AI) လုပ်ငန်းအစီအစဉ်သစ်ကို ကြိုဆိုလိုက်ပါသည်။ အဆိုပါအစီအစဉ်သည် တရားစီရင်ရေးစနစ်၌ AI ကို တာဝန်ယူမှုရှိရှိအသုံးပြုရေးကို အဓိကထားပါသည်။ အန္တိမအဆုံးသတ်ပန်းတိုင်မှာ ပြည်သူအားလုံးအတွက် အများပြည်သူဝန်ဆောင်မှုတစ်ခုအဖြစ် တရားမျှတမှုကိုပေးအပ်နိုင်ရန် ဖြစ်ပါသည်။

Law Society ၏ အမှုဆောင်အရာရှိချုပ်(CEO) ဖြစ်သူ Ian Jeffery က "တရားစီရင်ရေးအတွက် လုပ်ငန်းအစီအစဉ်သစ်သည် AI မှ တရားဥပဒေစနစ်ကိုခိုင်မာစေရန် ပေးစွမ်းနိုင်မည့်အခွင့်အလမ်းများကို မီးမောင်းထိုးပြနေသလိုပင်၊ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကိုလည်း လျှော့ချရန် လိုအပ်သည်ကို ကျွန်ုပ်တို့အသိအမှတ်ပြုရမည်။ Law Society ၏ AI မဟာဗျူဟာတွင် တီထွင်ဖန်တီးမှု၊ အကျိုးသက်ရောက်မှုနှင့်ရိုးသားဖြောင့်မတ်မှုတို့သည် အဓိကကျသောမဏ္ဍိုင်များဖြစ်ပြီး ယင်းမှတစ်ဆင့် နည်းပညာကို ပြည်သူများနှင့်ဥပဒေပညာရှင်များအတွက်ပါ အကျိုးရှိစေရန် ကျင့်ဝတ်နှင့်အညီ အသုံးပြုနိုင်မည်ဖြစ်သည်" ဟု ပြောကြားခဲ့ပါသည်။

"ကျွန်ုပ်တို့၏ ၂၁ ရာစု တရားစီရင်ရေးစီမံကိန်းတွင် အလေးပေးပြောကြားခဲ့သည့်အတိုင်း တရားစီရင်ရေးစနစ်ကို ခေတ်မီအောင်ပြုလုပ်ခြင်းသည် လိုအပ်သည့်အချိန်၌ လိုအပ်နေသူတိုင်းအတွက် ပိုမိုလက်လှမ်းမီစေရန်အတွက် မရှိမဖြစ်လိုအပ်သည်။ အစိုးရသည် ပြည်သူများအား ၎င်းတို့၏ ဥပဒေရေးရာကိစ္စများကိုနားလည်အောင်ကူညီပေးပြီး အကောင်းဆုံးဖြေရှင်းနည်းကို ရှာဖွေနိုင်ရန်အတွက် AI စနစ်သုံး အခမဲ့ကိရိယာတစ်ခုကို ဖန်တီးပေးသင့်သည်။ ၎င်းကိရိယာသည် အွန်လိုင်း NHS 111 ဝန်ဆောင်မှုနှင့်ဆင်တူနိုင်ပြီး၊ လင်ခန်းမယားခန်းအမှုကိစ္စများ၊ လုပ်ငန်းခွင်တွင် ဖြစ်ပေါ်လေ့ရှိသည့်အမှုကိစ္စများ၊ အိမ်ရှင်အိမ်ငှားပြဿနာရပ်များနှင့် သေတမ်းစာများကဲ့သို့သောအဖြစ်များသည့် ဥပဒေပြဿနာများအတွက် ပြည်သူများကို မှန်ကန်သောအထောက်အပံ့ဆီသို့ လမ်းညွှန်ပေးနိုင်မည်ဖြစ်သည်။"

"AI သည် တရားစီရင်ရေးနှင့် ဥပဒေကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၎င်းသည် ကျွန်ုပ်တို့ အသုံးချရမည့်အခွင့်အလမ်းအသစ်များကို ပေးစွမ်းနေသကဲ့သို့ပင် ကျွန်ုပ်တို့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းရမည့်စိန်ခေါ်မှုများကိုလည်း ပေးအပ်နေသည်။ တရားစီရင်ရေးနှင့် ဥပဒေကဏ္ဍအတွက် AI ကို ခိုင်မာသောအုတ်မြစ်များချ၍ အသုံးပြုနိုင်ရန် တရားရေးဝန်ကြီးဌာနနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့မျှော်လင့်သည်" ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

Law Society သည် Civil Justice Council နှင့်အတူ တရားရုံးစာရွက်စာတမ်းများပြင်ဆင်ရာတွင် AI အသုံးပြုခြင်း၊ ပါလီမန်စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တရားရုံးများရှိ စကားပြန်နှင့် ဘာသာပြန်ဝန်ဆောင်မှုများအတွက် သက်သေခံချက်များပေးခြင်းတို့အပါအဝင် AI နည်းပညာနှင့်တရားစီရင်ရေးဆိုင်ရာအစပျိုးမှုများတွင် တက်ကြွစွာပါဝင်နေပါသည်။

ဤလုပ်ငန်းအစီအစဉ်သစ်သည် ဥပဒေရေးရာကဏ္ဍတွင် ခေတ်မီနည်းပညာကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ပြောင်းလဲတိုးတက်မှုများစွာကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ AI စနစ်သုံးအခမဲ့ကိရိယာဖန်တီးခြင်းသည် ဥပဒေအကူအညီရယူရန် အခက်အခဲရှိသော သာမန်ပြည်သူများအတွက် အလွန်အကျိုးရှိမည်ဖြစ်သည်။ ၎င်းကိရိယာဖြင့် ပြည်သူများသည် ၎င်းတို့၏ ဥပဒေရေးရာပြဿနာများကို အခြေခံအဆင့်တွင် နားလည်နိုင်ပြီး၊ မည်သည့်လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သင့်သည်ကို အလွယ်တကူ သိရှိနိုင်မည်ဖြစ်သည်။ ဤသည်မှာ ဥပဒေအထောက်အကူပြုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်သကဲ့သို့ တရားစီရင်ရေးကိုလည်း ပိုမိုမြန်ဆန်သွက်လက်စေမည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ AI သည် တရားဥပဒေကဏ္ဍ၏အဓိကကျသောလုပ်ငန်းစဉ်များကို အစားထိုးနိုင်မည်မဟုတ်ဘဲ ဖြည့်ဆည်းကူညီပေးမည့် ကိရိယာတစ်ခုသာဖြစ်ပါသည်။ ရှေ့နေများ၏ ဆင်ခြင်တုံတရား၊ အတွေ့အကြုံနှင့် လူ့ကျင့်ဝတ်ဆိုင်ရာဆုံးဖြတ်ချက်များသည် AI နည်းပညာ မည်မျှပင်တိုးတက်စေကာမူ အစားထိုး၍မရသောအစိတ်အပိုင်းများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် တရားစီရင်ရေးတွင် AI ကို အသုံးပြုရာ၌ နည်းပညာ၏အကျိုးကျေးဇူးများကို

အပြည့်အဝအသုံးချနိုင်ရေးနှင့် တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးနှင့်ကျင့်ဝတ်ဆိုင်ရာစံနှုန်းများကို ထိန်းသိမ်းနိုင်ရေးအတွက် မျှတသောမူဝါဒများချမှတ်ရန် လိုအပ်မည်ဖြစ်သည်။

ဤလုပ်ငန်းအစီအစဉ်သည် ခေတ်နှင့်အညီတိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် တရားစီရင်ရေးစနစ်ကို ပိုမိုထိရောက်မြန်ဆန်ပြီး လက်လှမ်းမီနိုင်စေရန်အတွက် အစပြုလိုက်ခြင်းပင်ဖြစ်ပါသည်။ နည်းပညာနှင့်တရားမျှတမှုတို့၏ပေါင်းစပ်မှုသည် အနာဂတ် ဥပဒေရေးရာကဏ္ဍကို ပိုမိုတောက်ပလာစေမည်ဟု ယုံကြည်ရပါသည်။ Law Society နှင့် အစိုးရတို့၏ပူးပေါင်းဆောင်ရွက်မှုသည် ဤရည်မှန်းချက်ကိုအောင်မြင်စေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

https://www.lawsociety.org.uk/contact-or-visit-us/press-office/press-releases/new-ai-action-plan-for-justice-balances-innovation-and-responsibility

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂၀) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်

## ဘက်ပြောင်း ရုရှားစစ်သားအား ၂၃ နှစ် ထောင်ဒဏ်ချမှတ်ခြင်း

ရုရှားစစ်ဘက်ဆိုင်ရာတရားရုံးသည် ဘက်ပြောင်း ရုရှားစစ်သားအား အကြမ်းဖက်အဖွဲ့အစည်းနှင့်ပူးပေါင်းခြင်း၊ နိုင်ငံတော်ပုန်ကန်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့်ငွေမည်းများကို ခဝါချခြင်းစသည့် စွဲချက်များဖြင့် ထောင်ဒဏ် ၂၃ နှစ် ကျခံရန်နှင့် ငွေဒဏ် ၅၉၀,၀၀၀ ရူဘယ်ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။

ဟိုဆော့ဗ်အမည်ရှိ ယင်းစစ်သားသည် စစ်သင်တန်းကျောင်းမှ ၂၀၂၂ ခုနှစ်၊ မတ်လတွင် နှုတ်ထွက်ခဲ့ပြီး ယူကရိန်းနိုင်ငံသို့ကူးပြောင်းစဉ် နယ်စပ်၌ ဖမ်းမိခြင်းဖြစ်ကြောင်း၊ ဟိုဆော့ဗ်သည် စစ်ဘက်ဆိုင်ရာသတင်းအချက်အလက်များကို ယူကရိန်းသို့ရောင်းချခဲ့ကြောင်းနှင့် ရုရှားစစ်တပ်ကို ဆန့်ကျင်သည့်ယူကရိန်းအခြေစိုက် Freedom of Russia Legion နှင့် Atesh ခေါ် ခရိုင်းမီးယားဒေသလက်နက်ကိုင်လှုပ်ရှားမှုတွင်ပါဝင်ခဲ့သည်ဟု တရားရုံးက သုံးသပ်တွေ့ရှိကြောင်း ဖော်ပြထားပါသည်။

ဟိုဆော့ဗ်သည် အိမ်နီးချင်းနိုင်ငံပိုင်မြေအား ကျူးကျော်သိမ်းပိုက်သူများကို ယင်းမြေပေါ်မှနှင်ထုတ်ခြင်းဖြင့် အိမ်နီးချင်းနိုင်ငံ၏ငြိမ်းချမ်းမှုကို ပြန်လည်ရယူထိန်းသိမ်းရန် ကူညီခြင်းသာဖြစ်ကြောင်း၊ သူသည် ငြိမ်းချမ်းမှုကိုသာ အလိုလားဆုံးသူဖြစ်ကြောင်း၊ အကြမ်းဖက်နည်းလမ်းဖြင့် ရန်လိုသည့်နိုင်ငံရေးအားဆန့်ကျင်သူများသည် မည်သူများဖြစ်သည်ကို ရုရှားအာဏာပိုင်များက သိရှိပြီးဖြစ်ကြောင်း၊ ယူကရိန်းလုံခြုံရေးဆိုင်ရာနှင့် ရဲအရာရှိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွေ့ဆုံခဲ့ခြင်း မရှိကြောင်း၊ စစ်ပွဲလျင်မြန်စွာပြီးဆုံးသည်နှင့်အမျှ ငွေကြေးနှင့်လူသားအရင်းအမြစ်များဆုံးရှုံးမှုလည်း လျော့နည်းစေမည်ဖြစ်၍ ၎င်းတွင်အပြစ်မရှိကြောင်း ထုချေခဲ့ကြောင်း ဖော်ပြထားသည်ကိုသိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

https://www.jurist.org/news/2025/06/vietnam-amends-criminal-code-to-abolish-death-penalty-for-eight-offenses/

## ဂျပန်နိုင်ငံ၊ နာဂိုရာမြို့တရားရုံးက ၁၉၈၆ ခုနှစ်တွင် ကျောင်းသူလေးတစ်ဦးအား သတ်ဖြတ်သည့် အမှုတွင် ထောင်ဒဏ်(၇)နှစ်ချမှတ်ခံခဲ့ရသည့် တရားခံအား တရားသေလွှတ်ခြင်း

၁၉၈၆ ခုနှစ်က ဂျပန်နိုင်ငံ၊ ဖူကူအိမြို့တွင် အထက်တန်းကျောင်းသူတစ်ဦးကိုသတ်ဖြတ်ခဲ့ကြောင်း ဆုံးဖြတ်၍ ထောင်ဒဏ်ချမှတ်ခံရသည့်အမျိုးသားသည် ၇ နှစ်ကြာ ပြစ်ဒဏ်ကျခံပြီးနောက် အဆိုပါ အမှုကို ဂျပန်အဆင့်မြင့်တရားရုံးက ပြန်လည်ကြားနာခဲ့ပြီး တရားခံတွင်အပြစ်မရှိဟု ဆုံးဖြတ်ကာ ဇူလိုင်လ ၁၈ ရက်နေ့တွင် အမှုမှ တရားသေလွှတ်မြောက်ခဲ့ပါသည်။

Kanazawa ရှိ Nagoya မြို့ တရားရုံးက တရားခံ Mr.Shoshi Maekawa နှင့်စပ်လျဉ်း၍ မူလမှုကိုစွဲဆိုစဉ်က မျက်မြင်သက်သေတစ်ဦးပေးအပ်ခဲ့သော သက်သေခံချက်မှာ ယုံကြည်စိတ်ချမှု မရှိကြောင်းတွေ့ရှိရသဖြင့် ပြန်လည်စစ်ဆေးမှုပြုလုပ်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် အသက်(၆၀) အရွယ်ရှိ Mr.Shoshi Maekawa သည် ၁၉၈၇ ခုနှစ် ၎င်းအား စတင်ဖမ်းဆီးခံရသည့်အချိန်မှစ၍ ၎င်းတွင်အပြစ်မရှိကြောင်း ထုချေခဲ့သူဖြစ်ပါသည်။ မတ်လတွင်စတင်ခဲ့သည့် ပြန်လည်ကြားနာသောတရားခွင်တွင် ဥပဒေအရာရှိများက Mr.Shoshi Maekawa တွင် အပြစ်ရှိသည်ဟုစွပ်စွဲခဲ့သော်လည်း မူလအမှုတွင် Mr.Shoshi Maekawa အပြစ်ရှိကြောင်းသုံးသပ်ဆုံးဖြတ်ခဲ့သည့် ပတ်ဝန်းကျင်သက်သေအထောက်အထားများကို ပိုမိုခိုင်မာစေသည့်သက်သေအထောက်အထားအသစ် ထပ်မံတင်ပြနိုင်ခြင်းမရှိကြောင်း ဖော်ပြထားပါသည်။

မူလတရားရုံးက Mr.Shoshi Maekawa သည် သွေးစွန်းနေသောအဝတ်အစားများ ဝတ်ဆင်ထားသည်ကိုမြင်တွေ့ခဲ့သည်ဟုဆိုသော မျက်မြင်သက်သေ၏ထွက်ဆိုချက်ကို အလေးထားသုံးသပ်၍ တရားခံတွင်အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

အဆိုပါမျက်မြင်သက်သေ၏ထွက်ဆိုချက်တွင် အခင်းဖြစ်ပွားသည့်နေ့က ၎င်းအား အခြား ပုဂ္ဂိုလ်တစ်ဦးက တရားခံ Mr.Shoshi Maekawa ကို တွေ့ဖို့ရှိလားဟု မေးမြန်းရာ ၎င်းက Mr.Shoshi Maekawa နှင့်တွေ့ဆုံခဲ့ခြင်းမရှိဘဲ တီဗွီအစီအစဉ်တစ်ခုကို ကြည့်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

သို့ရာတွင် အဆိုပါမျက်မြင်သက်သေ ကြည့်ရှုခဲ့သည်ဟု ထွက်ဆိုသည့် တီဗွီအစီအစဉ်မှာ ထိုနေ့က ထုတ်လွှင့်ခဲ့သည့်အစီအစဉ်တွင် ပါဝင်ခြင်းမရှိကြောင်း ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ တွေ့ရှိရပါသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် Nagoya မြို့ တရားရုံးရှိ ပြန်လည်ကြားနာသည့်တရားခွင်၌ တရားရုံးက ရဲအရာရှိများသည် အဆိုပါမျက်မြင်သက်သေကို ဖိအားပေး၍ ထွက်ဆိုစေခဲ့ပြီး အခြားသက်သေများကိုလည်း Mr.Shoshi Maekawa လူသတ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲနိုင်မည့်သက်သေထွက်ဆိုချက်များ ထွက်ဆိုစေရန် ဆောင်ရွက်ခဲ့သည်ဟု သံသယရှိကြောင်း ပြောကြားခဲ့သည်။

အစိုးရရှေ့နေများက ပြန်လည်ကြားနာသည့်တရားခွင်တွင် အမှုမှအဓိကကျသည့် သက်သေထွက်ဆိုချက်မှာကွဲလွဲနေကြောင်း ဖော်ထုတ်နိုင်ခဲ့သော်လည်း Mr.Shoshi Maekawa တွင် အပြစ်ရှိသည်ဟု ဆက်လက်လျှောက်လဲနေသည့်အပေါ် ဝေဖန်ထောက်ပြခံရကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

References:

- https://www.straitstimes.com/asia/east-asia/japan-court- acquitsman-of-1986-schoolgirl-murder-in-retrial
- https://www3.nhk.or.jp/nhkworld/en/news/20250718_11/

## ထိုင်းနိုင်ငံရှိ နိုင်ငံမဲ့အများစုအတွက် နိုင်ငံသားအဖြစ်သတ်မှတ်ခွင့်ပြုသည့်စည်းမျဉ်းအသစ်ထုတ်ပြန်ခြင်း

ထိုင်းနိုင်ငံတွင်နေထိုင်သည့် နိုင်ငံမဲ့ကလေးများအပြင် ထိုင်းနိုင်ငံတွင်နေထိုင်သော လူနည်းစုတိုင်းရင်းသားလူမျိုးစုများကို ထိုင်းနိုင်ငံသားများအဖြစ်လက်ခံရန် အထောက်အကူဖြစ်စေမည့်စည်းမျဉ်းတစ်ရပ်ကို ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် တော်ဝင်ပြန်တမ်း(Royal Gazette)၌ ထုတ်ပြန်ကြေညာထားပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးက ဤပြောင်းလဲမှုသည် ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်လာခဲ့သည့်နိုင်ငံမဲ့များကို တရားဝင်အသိအမှတ်ပြုရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့က အတည်ပြုထားသည့်စံနှုန်းများနှင့်အညီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စည်းမျဉ်းအသစ်အရ ၁၉၉၉ခုနှစ်အထိ စစ်တမ်းကောက်ယူခဲ့သောတရားဝင်လူဦးရေစာရင်းတွင် မှတ်တမ်းတင်ထားသော ထိုင်းနိုင်ငံတွင်မွေးဖွားသည့်နိုင်ငံမဲ့မိဘများမှ မွေးဖွားသူများကို ထိုင်းနိုင်ငံသားအဖြစ်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသော Moken တိုင်းရင်းသားလူမျိုးစုများအပါအဝင် တရားဝင်နေထိုင်ခွင့်နှင့် အခွင့်အရေးဆိုင်ရာပြဿနာများကို ဖြေရှင်းရန် ချမှတ်ထားသည့်မဟာဗျူဟာစီမံကိန်းအရ ၂၀၀၅ခုနှစ်နှင့် ၂၀၁၁ခုနှစ်တို့တွင် ကောက်ယူထားသောစစ်တမ်းများတွင်ဖော်ပြထားသော နိုင်ငံမဲ့များကိုလည်း ထိုင်းနိုင်ငံသားများအဖြစ် ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် မစ္စတာ Unsit က အဆိုပါစည်းမျဉ်းသည် ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်လာခဲ့သည့် တိုင်းရင်းသားလူနည်းစုများအတွက် ရည်ရွယ်ပြီး ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို အမျိုးသားဒေတာဘေ့စ်တွင် ထည့်သွင်းထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် အဆိုပါလူပုဂ္ဂိုလ်များတွင် အထောက်အထားမဲ့ရွှေ့ပြောင်းနေထိုင်သူများသို့မဟုတ် တရားမဝင်နိုင်ငံခြားသားများပါဝင်ခြင်းမရှိသည့်အပြင် အဆိုပါစည်းမျဉ်းသည် ရွှေ့ပြောင်း

အလုပ်သမားများ၊ ယာယီအမိုးအကာများတွင် ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် ပြည်ပနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါစည်းမျဉ်းသည် နောင်လာမည့် ထိုင်းနိုင်ငံအစိုးရအဖွဲ့က သက်တမ်းတိုးမြှင့်ခြင်းမရှိပါက တရားဝင်ထုတ်ပြန်ကြေညာသည့် ဇွန်လ ၃၀ ရက်နေ့မှစတင်၍ တစ်နှစ်အထိ ဆက်လက်အကျိုး သက်ရောက်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စည်းမျဉ်းတွင်ဖော်ပြထားသည့်စံနှုန်းများနှင့်ကိုက်ညီပြီး ထိုင်းနိုင်ငံသားအဖြစ် ခွင့်ပြုနိုင်သည့် အထက်ပါလူပုဂ္ဂိုလ်များသည် သင့်လျော်သည့်လမ်းကြောင်းများမှတစ်ဆင့် ၎င်းတို့၏လျှောက်လွှာ များကိုတင်သွင်းရမည်ဖြစ်ပြီး ဘန်ကောက်မြို့ရှိ လျှောက်ထားသူများသည် ပြည်နယ်အုပ်ချုပ်ရေး ဦးစီးဌာနရှိ မှတ်ပုံတင်စီမံခန့်ခွဲရေးဆိုင်ရာဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

- https://www.bangkokpost.com/thailand/general/3060788/new-rule-allows-citizenship-for-many-stateless-people-in-thailand

## ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

